# ပြန်လည်ထူထောင်ရေးအတွက် အသင့်ပြင်ဆင်မှုဆိုင်ရာ သရုပ်ပြလေ့ကျင့်ဆွေးနွေးပွဲ

ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေး ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေး ဝန်ကြီးဌာနသည် အာဆီယံအဖွဲ့နှင့် ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ အကူအညီကို ရယူပြီး ပြန်လည် ထူထောင်ရေး လုပ်ငန်းများ အသင့် ပြင်ဆင်ထားရေး ဆိုင်ရာ သရုပ်ပြ လေ့ကျင့်ခန်း အစီအစဉ်ကို စက်တင်ဘာ ၁၅-၁၆ တွင် နေပြည်တော်ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် ASEAN Disaster Recovery Reference Guide (ADRRG) လမ်းညွှန်ကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် ဆောင်ရွက်နိုင်စေရန် ဘဏ္ဍာရေး ဆိုင်ရာ သရုပ်ပြ လေ့ကျင့်ခန်း ဆောင်ရွက်၍ မိတ်ဆက် သွားမည် ဖြစ်ပါသည်။ ထို့အပြင် အာဆီယံ ဒေသတွင်း နိုင်ငံများတွင် ပြန်လည် ထူထောင်ရေး ဆိုင်ရာ ကြိုတင် ပြင်ဆင်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းဆိုင်ရာ မူဘောင်ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် သရုပ်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဦးဟင်နရီ ဗန်ထီးယူ တက်ရောက် ဖွင့်လှစ်မည် ဖြစ်ပြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကား ပြောကြားမည် ဖြစ်ပါသည်။ ထို့အပြင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (မြန်မာ) ဌာနေညွှန်ကြားရေးမှူး မစ္စတာ ပီတာ ဘက်ချ်လာနှင့် အင်ဒိုနီးရှားနိုင်ငံ ဒုဝန်ကြီး မစ္စတာ ဟာမန်စယာ့တို့က ပြန်လည် ထူထောင်ရေး လုပ်ငန်းများ အသင့် ပြင်ဆင်ထားရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားမည် ဖြစ်ပါသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ဝန်ကြီးဌာနများ၊ ACDM ပြန်လည် ထူထောင်ရေး အဖွဲ့မှ အဖွဲ့ဝင်များ၊ အာဆီယံ နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည် ဖြစ်ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို ဆန်းစစ်ခြင်း၊ လိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ အတွေ့အကြုံ နီးနှောဖလှယ်ခြင်း၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများ အသင့် ပြင်ဆင်ရေး အစရှိသည်တို့ကို ဆွေးနွေးမည် ဖြစ်ပါသည်။

**အယ်ဒီတာများအတွက်**

(၁) အစည်းအဝေး အစီအစဉ်ကို ဤစာနှင့် အတူ ပူးတွဲ ပေးပို့ထားပါသည်။

(၂) အခမ်းအနား တက်ရောက်ပြီး သတင်းရယူမည် ဖြစ်ပါက **ဦးနေလင်းအောင် (ပြန်ကြားရေးတာဝန်ခံ)** ကို စက်တင်ဘာ (၁၄) ရက်နေ့ ညနေ (၅) နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပါရန်။


ဖုန်း - ၀၉ ၉၇၀ ၁၃၁ ၂၆၇

အီးမေးလ် - ne.lynn.aung@undp.org


အသေးစိတ် အချက်အလက်များ သိရှိလိုပါက အောက် ဖော်ပြပါ ပုဂ္ဂိုလ်တို့နှင့် ဆက်သွယ် စုံစမ်းနိုင်ပါသည်။


**ဒေါ်မြတ်မိုးသွယ်**

လက်ထောက်ညွှန်ကြားရေးမှူး၊

ညှိနှိုင်းရေးနှင့်သုတေသနဌာနစိတ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဦးစီးဌာန

ဖုန်း - ၀၉ ၇၈၈ ၁၂၀ ၁၂၉

အီးမေးလ် - myatmoethwe.rrd@gmail.com

**မစ္စရှောဘနာ**

ပြန်ကြားရေးတာဝန်ခံ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

တယ်လီဖုန်း - 09 250 345 158

အီးမေးလ် - shobhna.decloitre@undp.org